(၅၇)နှစ်မြောက်အာဆီယံနေ့အထိမ်းအမှတ်အဖြစ် ဗီယင်နာမြို့အခြေစိုက် အာဆီယံသံရုံး/အဖွဲ့ရုံး မိသားစုများပျော်ပွဲရွှင်ပွဲတွင် မြန်မာသံရုံး/အဖွဲ့ရုံး ပါဝင်ဆင်နွှဲ
(၂၄-၈-၂၀၂၄ ရက်၊ ဗီယင်နာ)

၈-၈-၂၀၂၄ ရက်တွင် ကျရောက်သော (၅၇)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အဖြစ် ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့အခြေစိုက် အာဆီယံသံရုံး/ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး မိသားစုများပျော်ပွဲရွှင်ပွဲ (ASEAN Family Day) ကို ၂၄-၈-၂၀၂၄ ရက်တွင် အာဆီယံ-ဗီယင်နာ ကော်မတီအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး/ အမြဲတမ်းကိုယ်စားလှယ် H.E. Mr. Damos Dumoli Agusman ၏ နေအိမ်၌ ကျင်းပခဲ့ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိမ်း နှင့် မြန်မာသံရုံး/ အဖွဲ့ရုံးဝန်ထမ်းမိသားစုများ ပါဝင်ဆင်နွှဲခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် အာဆီယံ-ဗီယင်နာကော်မတီ၏ အလှည့်ကျဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီးနောက်၊ အာဆီယံသံရုံး/ အဖွဲ့ရုံးအကြီးအကဲများက အာဆီယံနေ့အထိမ်းအမှတ် ကိတ်မုန့်ခွဲခြင်း၊ စုပေါင်းဓါတ်ပုံရိုက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ ထို့နောက် အာဆီယံသံရုံး/ အဖွဲ့ရုံးများ အလိုက် အစားအသောက်များဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြပြီး၊ သီချင်းများ၊ အကများဖြင့် သီဆို ဖျော်ဖြေခဲ့ကြပါသည်။ မြန်မာသံရုံး/ အဖွဲ့ရုံးသည်လည်း မြန်မာအစားအစာများဖြင့် ကျွေးမွေး ဧည့်ခံခြင်း၊ မြန်မာ့ရိုးရာသင်္ကြန် ယိမ်းအကဖြင့် သီဆိုကပြ ဖျော်ဖြေခဲ့ခြင်းတို့ဖြင့် ပါဝင်ဆင်နွှဲခဲ့ ပါသည်။

Myanmar Embassy/Permanent Mission joins ASEAN Family Day Celebration in commemoration of the 57th ASEAN Day (24 August 2024, Vienna) Ambassador U Min Thein, staff members and families of the Myanmar Embassy and Permanent Mission in Vienna joined ASEAN Family Day celebration organized on 24 August 2024 at the residence of H.E. Mr. Damos Dumoli Agusman, Ambassador and Permanent Representative of Indonesia in Vienna, who is also the current Chair of the ASEAN-Vienna Committee, in commemoration of the 57th ASEAN Day which falls on 8 August 2024. At the event, the Chair of the ASEAN-Vienna Committee delivered opening remarks and ASEAN Heads of Mission cut ASEAN cake and took group photos. Then, ASEAN embassies/missions served foods and drinks as well as performed traditional songs and dances. The Myanmar Embassy and Permanent Mission also served Myanmar foods and performed traditional Thingyan choral dance.



ဗီယင်နာမြို့အခြေစိုက် အာဆီယံသံရုံး/ အဖွဲ့ရုံးအကြီးအကဲများ အမှတ်တရစုပေါင်းဓါတ်ပုံရိုက်ခြင်း




မြန်မာသံရုံး/ အဖွဲ့ရုံး၊ ဗီယင်နာမြို့က မြန်မာအစားအစာများဖြင့် ကျွေးမွေးဧည့်ခံခြင်း



မြန်မာသံရုံး/ အဖွဲ့ရုံး၊ ဗီယင်နာမြို့က မြန်မာ့ရိုးရာသကြင်္န်အကဖြင့် သီဆိုကပြဖျော်ဖြေခြင်း


သံရုံး/ အဖွဲ့ရုံးများက အစားအသောက်များဖြင့် ဧည့်ခံခြင်း